# မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

## ၂၀၁၆ ခုနှစ် ၊ တရားမပထမအယူခံမှုအမှတ် – ၁၇၆

မန္တလေးခရိုင်တရားရုံး ၊ ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၂၆ တွင် (၉-၃-၁၆)ရက်နေ့၌ ချမှတ်သော စီရင်ချက်နှင့်ဒီကရီအား ပထမအယူခံမှုလျှောက်ထားခြင်း။

| | | |
|---|---|---|
| ဦးထွန်းလှအောင် (ခ) | နှင့် | ၁။ဦးလှအေး |
| ဦးရွှေမန်း | | ၂။ဦးအောင်သူရ |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်များ** |

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | ၊ ဦးကျော်မြင့်(ခ)ဦးဖိုးကျော်၊ တရားလွှတ်တော်ရှေ့နေ | |
| အယူခံတရားပြိုင်(၁)အတွက် | ၊ ဦးမောင်မောင်ဦး | ၊ တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားပြိုင်(၂)အတွက် | ၊ ကိုယ်တိုင် ( မလာ ) | |

### စီ ရင် ချက်

**ရက်စွဲ ၊ ၂၀၁၇ ခုနှစ် ၊ မေ လ ( ၂၄ ) ရက်**

မန္တလေးခရိုင်တရားရုံး၊ ၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၂၆ တွင်တရားလို ဦးလှအေးမှ တရားပြိုင်ကိုအောင်သူရပါ၂ဦးအပေါ် (၁၅-၁၂-၁၂)ရက်နေ့ဝန်ခံကတိ စာချုပ်ပါ ကျောက်စိမ်းဖိုးငွေ(၇၂၅၀၀၀၀၀)ကျပ် နှင့် နစ်နာကြေးငွေ(၅၀၀၀၀၀၀၀)ကျပ်၊ စုစုပေါင်း ငွေ (၁၂၂၅၀၀၀၀၀)ကျပ်ရလိုမှုစွဲဆိုရာ မူလခရိုင်တရားရုံးမှ တရားလိုသည် တရားပြိုင်များအား ရောင်းချလိုက်သည့်ကျောက်စိမ်း(၃၆)လုံးအတွက် (၁၅-၁၂-၁၂)ရက်စွဲပါ ဝန်ခံကတိစာချုပ်ပါ ကျောက်စိမ်းဖိုးငွေ(၇၂၅၀၀၀၀၀)ကျပ်ကို တရားပြိုင်အောင်သူရ နှင့် ဦးထွန်းလှအောင်တို့ထံမှ ရထိုက်ခွင့်ရှိကြောင်းအနိုင်ဒီကရီချမှတ်သည်။ ယင်းစီရင်ချက်နှင့်ဒီကရီကို မူလရုံးအမှတ်(၂)တရားပြိုင်မှ တရားမပထမအယူခံဝင်ရောက်ခြင်းဖြစ်သည်။

အဆိုလွှာတွင် တရားလိုသည် ရွှန်းပပအမည်ဖြင့် ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူဖြစ်ပြီး (၁)တရားပြိုင်သည် ဘိုးစိမ်းတာ ကျောက်မျက်ကုမ္ပဏီအမည်ဖြင့် အရောင်းအဝယ်လုပ်ကိုင်သူဖြစ်ပြီး (၂)တရားပြိုင်မှာ ကျောက်စိမ်းအရောင်းအဝယ်ပွဲစားလုပ်ကိုင်သူဖြစ်ကြောင်း၊ (၁၁-၁၀-၁၂)နေ့က တရားပြိုင်များသည် တရားလိုနေအိမ်သို့ရောက်လာပြီး ကျောက်စိမ်းတုံးများအားကြည့်ရှုပြီးနောက် ကျောက်စိမ်း(၃၆)လုံးကို (၇၂၅၀၀၀၀၀)ကျပ်ဖြင့်ဈေး

(၂)

ဖြတ်၍ဝယ်ယူရန် တရားပြိုင်များကိုယ်တိုင်တိပ်စည်းခဲ့ကြောင်း၊ (၁၅-၁၀-၁၂)နေ့တွင်ငွေချေမည် ဖြစ်ကြောင်းပြောဆိုပြီး တိပ်စည်းထားခဲ့ကြောင်း၊ (၁၄-၁၀-၁၂)နေ့တွင်တရားပြိုင်များရောက်ရှိ လာပြီး တိပ်စည်းထားခဲ့သည့်ကျောက်စိမ်း(၃၆)လုံးကို တရားပြိုင်များကိုယ်တိုင်ပြန်လည်တိပ် ဖြည်၍ကြည့်ရှုပြီးနောက် ကျောက်စိမ်း(၃၆)လုံးကိုယူသွားလိုကြောင်း၊ နောက်နေ့(၁၅-၁၀-၁၂)နေ့ တွင် ကျောက်ဖိုးငွေ(၇၂၅)သိန်းကို မပျက်မကွက်ပေးမည်ဟုကတိပြုသောကြောင့် တရားလိုက ယုံကြည်ပြီး ကျောက်စိမ်း(၃၆)လုံးကို တရားပြိုင်များသို့ရောင်းချပေးအပ်ခဲ့ကြောင်း၊ (၁၅-၁၀-၁၂)နေ့တွင် တရားပြိုင်များမှ ကျောက်ဖိုးငွေကိုပြန်လည်ပေးဆပ်ခြင်းမရှိသောကြောင့် တရားလို စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်ပေးပါရန်အဆိုပြုသည်။

(၁)တရားပြိုင်၏ချေလွှာတွင် (၁၁-၁၀-၁၂)နေ့တွင် တရားလိုနေအိမ်၌ကျောက်စိမ်း(၃၆)လုံးကို (၇၂၅)သိန်းဖြင့်ဈေးဖြတ်၍ဝယ်ယူရန် (၁)တရားပြိုင်မှတိပ်စည်းခဲ့ခြင်းမရှိသလို (၁၅-၁၀-၁၂)နေ့တွင် ငွေအပြေအကြေပေးမည်ဟုကတိပြုခဲ့ခြင်းမရှိကြောင်း၊ (၁၁-၁၀-၁၂)နေ့နှင့် (၁၂-၁၀-၁၂)နေ့တို့တွင် ကျောက်(၄)လုံးကို ငွေကျပ်သိန်း(၂၀၀)စီဖြင့် တရားလို နှင့်(၁)တရားပြိုင်တို့ (၂)တရားပြိုင်မှ ပွဲစားလုပ်ပေး၍အရောင်းအဝယ်တည့်ခဲ့ခြင်းဖြစ်ကြောင်း၊ (၁၄-၁၀-၁၂)နေ့တွင် တရားလိုနေအိမ်သို့ (၁)(၂)တရားပြိုင်များရောက်လာပြီး ကျောက်စိမ်း(၃၉)လုံးကို တရားလိုနှင့်(၁)တရားပြိုင်တို့ငွေကျပ်သိန်း(၈၅၀)ဖြင့် အရောင်းအဝယ်တည့်ပြီး တိပ်စည်းခဲ့ခြင်းသာဖြစ်ကြောင်း၊ ကျောက်စိမ်း(၃၉)လုံး၏တန်ဖိုးငွေကျပ်သိန်း(၈၅၀)ကို (၁၅-၁၀-၁၂)နေ့နောက်ပိုင်းတွင် (၅)ရက်ခန့်အကြာ၌ တရားလိုထံသို့ငွေ(၇၅)သိန်းကို ဦးထွန်းလှအောင်၊ ဦးငွေတိုးတို့နှင့်အတူ အမှတ်(၁)တရားပြိုင်မှ ပေးချေခဲ့ပြီးဖြစ်ကြောင်း၊ တစ်ပတ်ခန့်အကြာ၌ငွေကျပ်သိန်း(၅၀)ကို ဇနီး ဒေါ်နှင်းအိမြူ၊ ဦးထွန်းလှအောင်၊ ဦးငွေတိုးတို့ကတရားလိုထံပေးသွင်းခဲ့ပြီးဖြစ်ကြောင်း၊ (၂၅-၁၂-၁၂)နောက်ပိုင်းတွင် အမှတ်(၁)တရားပြိုင်မှ တရားလိုထံသို့ငွေကျပ်သိန်း(၂၅၀)ပေးအပ်ခဲ့သော်လည်း တရားလိုမှလက်မခံခြင်းသာဖြစ်ကြောင်း၊ သို့ဖြစ်၍အဆိုလွှာအားပလပ်ပေးပါရန် ချေပသည်။

အမှတ်(၂)တရားပြိုင်၏ချေလွှာတွင် ကျောက်အရောင်းအဝယ်လုပ်ငန်းတွင် အမှတ်(၂)တရားပြိုင်သည် ပွဲစားလုပ်ပေးရခြင်းသာဖြစ်ကြောင်း၊ (၁၁-၁၀-၁၂)နေ့တွင် တရားပြိုင်များက တရားလို၏နေအိမ်သို့သွားရောက်ခြင်းမှာမှန်ကြောင်း၊ ဦးလှအေးက ပွဲတိုက်ခိုင်း၍ ကိုအောင်သူရကိုခေါ်သွားခြင်းဖြစ်ကြောင်း၊ (၁၁-၁၀-၁၂)နေ့တွင် ဦးလှအေး၏ကျောက်စိမ်း(၄)လုံးကိုငွေကျပ်သိန်း(၂၀၀)ဖြင့်လည်းကောင်း၊ (၁၂-၁၀-၁၂)နေ့တွင် နောက်ထပ်ကျောက်စိမ်း(၄)လုံးကိုငွေကျပ်သိန်း(၂၀၀)ဖြင့်လည်းကောင်း၊ ဦးလှအေးမှ ဦးအောင်သူရသို့လက်ငင်းရောင်းချခဲ့ခြင်းသာဖြစ်ကြောင်း၊ (၁၁-၁၀-၁၂)နေ့ကရောင်းချသည့်ကျောက်စိမ်း(၄)လုံးအတွက် ပွဲခ(၅)သိန်းကို ဦးလှအေးမှ ပွဲစားဦးထွန်းလှအောင်သို့ပေးကြောင်း၊ (၁၂-၁၀-၁၂)နေ့ရောင်းချသည့်ကျောက်စိမ်း(၄)လုံးအတွက်ပွဲခလုံးဝမပေးကြောင်း၊ ကျောက်စိမ်းတုံး(၃၆)လုံးကို ကျပ်(၇၂၅)သိန်းဖြင့်ဈေးဖြတ်ဝယ်ယူရန်အတွက် တိပ်စည်းသည်ဆိုခြင်းမှာလုံးဝမမှန်ကြောင်း၊ ကျောက်စိမ်း(၃၉)လုံးကို ငွေကျပ်သိန်း(၈၅၀)ဖြင့်အရောင်းအဝယ်ပြုလုပ်ခြင်းသာဖြစ်ကြောင်း၊ကျပ်သိန်း(၈၅၀)ဖြင့်အရောင်းအဝယ်ပြုလုပ်လက်မှတ်ရေးထိုးကြောင်း ကျောက်ပွဲစား(၂)တရားပြိုင်မှလက်မှတ်ထိုးခြင်းမရှိကြောင်း၊ စာချုပ်မှာဦးလှအေး၏လက်ဝယ်တွင်ရှိကြောင်း၊ ငွေကျပ်သိန်း(၈၅၀)အနက်မှ (၁၀)ရက်အကြာတွင် ဝယ်ယူသူဦးအောင်သူရက ကျောက်ဖိုးငွေ(၇၅)သိန်းကို ဦးအောင်သူရ၏ကားဒရိုင်ဘာကိုဝေတိုး၊ ဦးထွန်းလှအောင်၊ ဦးအောင်သူရနှင့်အတူဦးလှအေးထံတွင်သွားရောက်၍ငွေပေးချေခဲ့ကြောင်း၊ ထိုသို့ပေးချေပြီး(၁၂)ရက်ခန့်အကြာတွင် ဦးအောင်သူရနေမကောင်း၍ ၄င်း၏ဇနီး

မနှင်းအိဖြူက ဒရိုင်ဘာကိုငွေတိုး၊ (၂)တရားပြိုင်နှင့်အတူ ဦးလှအေးထံသွား၍ငွေကျပ်သိန်း(၅၀) ထပ်မံပေးချေရာ ပွဲခအဖြစ်(၅)သိန်းကို ဦးအောင်သူရကပေးကြောင်း၊ (၁၅-၁၂-၁၂)ရက်စွဲပါ ရယကရုံး၌ပြုလုပ်သောစာချုပ်သည် မလျော်ဩဇာသုံး၍ ခြိမ်းခြောက်ပြုလုပ်သောစာချုပ်သာဖြစ် ကြောင်း၊ သို့ဖြစ်၍(၂)တရားပြိုင်အား အမှုမှဖယ်ထုတ်ပေးပါရန်ချေပသည်။

မူလခရိုင်တရားရုံးမှ ရုံးငြင်းချက်(၆)ရပ်ထုတ်ဆင့်၍ (၁)(၂)တရားပြိုင်များသည် တရားလိုနေအိမ်သို့ရောက်ရှိလာပြီး ကျောက်စိမ်းတုံး(၃၆)တုံးကို ငွေကျပ်(၇၂၅)သိန်းဖြင့်ဈေးဖြတ်၍ (၁၅-၁၂-၁၂)နေ့တွင်ပေးချေမည်ဆိုကာ (၁၄-၁၀-၁၂)နေ့ကရယူသွားခဲ့ကြသည်ဆိုသည်မှာ မှန်ကြောင်း၊ (၁၅-၁၂-၁၂)ရက်စွဲပါနှစ်ဦးသဘောတူကတိဝန်ခံစာချုပ်မှာ (၁)(၂)တရားပြိုင်တို့အား အတင်းအကြပ်မလျော်ဩဇာသုံးကာခြိမ်းခြောက်ပြုလုပ်ခဲ့သောစာချုပ်ဖြစ်၍ ပျက်ပြယ်သောစာ ချုပ်ဖြစ်သည်မှာမမှန်ကြောင်း၊ (၁)တရားပြိုင်က တရားလိုထံသို့ကျောက်စိမ်းဖိုးငွေကျပ်(၁၂၅)သိန်း ပေးချေပြီးဖြစ်သည်မှာမမှန်ကြောင်း၊ (၂)တရားပြိုင်သည် လိုင်စင်ရပွဲစားတစ်ဦးဖြစ်ပြီးအရောင်း အဝယ်တွင်ကိုယ်တိုင်ဝယ်ယူခြင်းမဟုတ်ဘဲ တရားလိုနှင့်(၁)တရားပြိုင်တို့၏ဆန္ဒအရဆောင်ရွက် ပေးရခြင်းဖြစ်၍ (၂)တရားပြိုင်နှင့်သက်ဆိုင်ခြင်းမရှိဆိုသည်မှာမမှန်ကြောင်း၊ တရားလိုသည် တရားပြိုင်များထံမှနစ်နာကြေးငွေကျပ်သိန်း(၅၀၀)မရထိုက်ကြောင်းဖြေဆို၍ တရားလိုသည်တရား ပြိုင်များအား ရောင်းချလိုက်သည့်ကျောက်စိမ်း(၃၆)လုံးအတွက် (၁၅-၁၂-၁၂)ရက်စွဲပါဝန်ခံကတိ စာချုပ်ပါကျောက်စိမ်းဖိုးငွေ(၇၂၅)သိန်းကို တရားပြိုင်ဦးအောင်သူရနှင့်ဦးထွန်းလှအောင်တို့ထံမှ ရထိုက်ခွင့်ရှိကြောင်း အနိုင်ဒီကရီချမှတ်ခဲ့သည်။

အယူခံတရားလို၏ရှေ့နေမှ သက်သေခံချက်များအရ ကျောက်ဝယ်ယူသူမှာ ဦးအောင်သူရသာလျှင်ဖြစ်ပြီး ဦးထွန်းလှအောင်သည် သက်သေခံတင်သွင်းထားသောလိုင်စင်ရ ကျောက်ပွဲစားတစ်ဦးသာဖြစ်ကြောင်း၊ ဦးအောင်သူရကိုယ်တိုင်ကလည်း ကျောက်ပွဲစားဦးထွန်းလှ အောင်ဆက်သွယ်ပေး၍ ကျောက်စိမ်း(၃၉)လုံးကို ၎င်းကိုယ်တိုင်ဝယ်ယူခြင်းဖြစ်ကြောင်းမှာပေါ် ပေါက်ကြောင်း၊ ကျောက်များသယ်ယူသည့်နေ့က ဦးအောင်သူရနှင့်ဦးလှအေးတို့ ၎င်း၏မှတ်တမ်း စာအုပ်တွင် ကျောက်အရောင်းအဝယ်ပြုလုပ်ခြင်းအတွက် လက်မှတ်ရေးထိုးထားသောစာချုပ်စာ တမ်းများရှိနေသော်လည်း ကျောက်ပိုင်ရှင်ဦးလှအေးကဖျောက်ဖျက်ပြီး ရုံးတော်တွင်တင်ပြထား ခြင်းမရှိကြောင်း၊ (၁)(၂)တရားပြိုင်များသည် ကျောက်စိမ်း(၃၆)လုံးကို ကျပ်(၇၂၅)သိန်းဖြင့်ဝယ်ယူ ခြင်းမဟုတ်ဘဲ အမှတ်(၁)တရားပြိုင်ကသာ ကျောက်စိမ်း(၃၉)လုံးကို ငွေကျပ်သိန်း(၈၅၀)ဖြင့်ဝယ် ယူခြင်းသာဖြစ်ကြောင်း၊ သို့ဖြစ်၍ဦးထွန်းလှအောင်အပေါ် ချမှတ်ထားသောစီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပေးပါရန်လျှောက်လဲတင်ပြသည်။

အမှတ်(၁)အယူခံတရားပြိုင်၏ရှေ့နေမှ သက်သေခံ(က)စာချုပ်ကိုပြုလုပ်ချုပ်ဆို ရာတွင် အနိုင်အထက်ပြုခြင်း၊ မလျော်ဩဇာသုံးခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ အလွဲပြောဆိုခြင်း အချက်များသက်သေထင်ရှားပေါ်ပေါက်ခြင်းမရှိသည့်အပြင် သက်သေခံ(က)ဝန်ခံကတိစာချုပ်မှာ ပဋိညာဉ်အက်ဥပဒေပုဒ်မ-၂၃ပါအချက်တစ်ရပ်ရပ်နှင့်ညိစွန်းခြင်းမရှိပါသဖြင့် ပျက်ပြယ်ခြင်းမရှိ ကြောင်း၊ သက်သေခံ(က)စာချုပ်တွင် (၁)တရားပြိုင်ကိုအောင်သူရနှင့်အတူ ကျောက်စိမ်းဝယ်ယူသူ နေရာ၌လက်မှတ်ရေးထိုးထားသည့်အတွက် (၂)တရားပြိုင်ဦးထွန်းလှအောင်သည်လည်း (၁) တရားပြိုင်နှင့်အတူ တရားလို၏ကျောက်စိမ်းများကိုဝယ်ယူပြီးငွေပေးချေခြင်းမပြုရာတွင်တာဝန် ရှိနေကြောင်းပေါ်ပေါက်သည်ဖြစ်၍ အယူခံမှုအားပလပ်ပေးပါရန်လျှောက်လဲတင်ပြသည်။

အမှတ်(၂)အယူခံတရားပြိုင်မှ ရုံးရှေ့သို့လာရောက်၍ လျှောက်လဲတင်ပြခြင်းမရှိ ပါ။

အဆိုလွှာအပိုဒ်(၄)တွင် " (၁၄-၁၀-၁၂)ရက်နေ့တွင် တရားလို၏နေအိမ်ရှေ့ဆွန်းပပ ကျောက်မျက်ရတနာလုပ်ငန်းသို့ တရားပြိုင်များရောက်ရှိလာပြီး (၁၁-၁၀-၁၂)ရက်နေ့က တရားပြိုင်များတိပ်စည်းထားခဲ့သည့် ကျောက်စိမ်း(၃၆)လုံးကို တရားပြိုင်များကိုယ်တိုင်ပြန်လည်တိပ်ဖြည်၍ကြည့်ရှုပြီးနောက် ကျောက်စိမ်း(၃၆)လုံးကိုယူသွားလိုကြောင်း၊ နောက်တနေ့(၁၅-၁၀-၁၂)ရက်နေ့တွင် ကျောက်ဖိုးငွေကျပ်(၇၂၅)သိန်းကိုပေးမည်ဟု တရားပြိုင်များကပြောဆိုပါသည်။ ထပ်မံ၍ကျောက်ဖိုးငွေကျပ်(၇၂၅)သိန်းကို (၁၅-၁၀-၁၂)ရက်နေ့တွင် မပျက်မကွက်ပေးမည်ဟု ပြောဆိုသောကြောင့် တရားလိုကယုံကြည်၍ ကျောက်စိမ်း(၃၆)လုံးကို တရားပြိုင်များသို့ရောင်းချပေးအပ်ခဲ့ပါသည်။ တရားပြိုင်များက (၁၄-၁၀-၁၂)ရက်နေ့တွင် ကျောက်စိမ်း(၃၆)လုံးကို တရားလိုနေအိမ်ရှိအလုပ်သမား၊အသိသက်သေများရှေ့တွင်သယ်ယူသွားခဲ့ကြပါသည် "ဟူ၍အဆိုပြုသည်။

အမှတ်(၂)တရားပြိုင်၏ချေလွှာအပိုဒ်(၃)တွင် " × × × (၁၂-၁၀-၁၂)နေ့တွင် ဦးလှအေး၏ကျောက်စိမ်း(၄)လုံးကိုငွေကျပ်သိန်း(၂၀၀)ဖြင့်လည်းကောင်း၊ (၁၂-၁၀-၁၂)နေ့တွင် နောက်ထပ်ကျောက်စိမ်း(၄)လုံးကိုငွေကျပ်သိန်း(၂၀၀)ဖြင့်လည်းကောင်းဦးလှအေးမှ ဦးအောင်သူရသို့ လက်ငင်းရောင်းချခဲ့ခြင်းသာဖြစ်ပါသည်။ (၁၂-၁၀-၁၂)နေ့ရောင်းချသည့်ကျောက်စိမ်း(၄)လုံးအတွက် ပွဲခ(၅)သိန်းကို ဦးလှအေးမှ ပွဲစားဦးထွန်းလှအောင်သို့ပေးပါသည်။ (၁၂-၁၀-၁၂)နေ့ရောင်းမပြုသည့်ကျောက်စိမ်း(၄)လုံးအတွက် ဦးလှအေးမှပွဲခလုံးဝမပေးပါ။ ကျောက်စိမ်းတုံး(၃၆)တုံးကို ငွေကျပ်(၇၂၅)သိန်းဖြင့်ဈေးဖြတ်ဝယ်ယူရန် တိပ်စည်းသည်ဆိုခြင်းမှာ လုံးဝမမှန်ပါ။ ဝယ်ယူခြင်းလည်းမရှိပါ "ဟူ၍လည်းကောင်း၊

အပိုဒ်(၇)တွင် "× × × (၁၅-၁၂-၁၂)နေ့စွဲပါ ရယကရုံး၌ပြုလုပ်သောစာချုပ်ကို မလျော်ဩဇာသုံး၍ခြိမ်းခြောက်၍ပြုလုပ်သောစာချုပ်သာဖြစ်ပါသည် "ဟူ၍လည်းကောင်းချေပသည်။

အယူခံရုံးအနေဖြင့်အဓိကထားသုံးသပ်ရမည်မှာ သက်သေခံ(က)စာချုပ်သည် ခြိမ်းခြောက်၍ချုပ်ဆိုရသောစာချုပ်ဟုတ်-မဟုတ်နှင့် အမှတ်(၂)တရားပြိုင်အနေဖြင့် ပွဲစားတစ်ဦးဖြစ်သောကြောင့် ပေးလျော်ရန်တာဝန်ရှိ-မရှိဟူသောအချက်များဖြစ်သည်။

မူလရုံးတရားလိုဦးလှအေးမှထွက်ဆိုရာတွင် ၎င်းအနေဖြင့် အမှတ်(၂)တရားပြိုင်ဦးထွန်းလှအောင်နှင့် ဦးစွာသိသူဖြစ်ပြီး (၁)တရားပြိုင်ဦးအောင်သူရကိုမူ (၁၁-၁၀-၁၂)နေ့ကမှ ဦးထွန်းလှအောင်၏မိတ်ဆက်ပေးမှုအရသိရကြောင်း၊ (၁၁-၁၀-၁၂)နေ့တွင် ဦးထွန်းလှအောင်နှင့် အောင်သူရတို့သည် တရားလိုနေအိမ်သို့ရောက်လာပြီး ကျောက်စိမ်းတုံးများအားဝယ်ယူလိုသဖြင့် လာရောက်ကြည့်ရှုကြောင်းပြောသဖြင့် ပြသပေးခဲ့ကြောင်း၊ ကျောက်စိမ်းအရိုင်းတုံးထဲမှဖားကန့်ကြီးမော်မှထွက်သည့်ကျောက်စိမ်းအရိုင်းတုံး(၃၆)တုံးကို ၎င်းတို့နှစ်ဦးမှကြည့်ရှုစစ်ဆေးပြီးအရောင်းအဝယ်လုပ်လိုကြောင်း၊ နှစ်သက်ကြောင်းပြောပြီး ငွေကျပ်(၇၂၅)သိန်းဖြင့်ဈေးဖြတ်၍ဝယ်ယူရန်သဘောတူပြီးနောက် ဦးထွန်းလှအောင်နှင့် အောင်သူရတို့မှ တိပ်စည်းခဲ့ကြကြောင်း၊ (၁၄-၁၀-၁၂)နေ့တွင် ဦးထွန်းလှအောင်နှင့်အောင်သူရတို့ရောက်ရှိလာပြီး တိပ်စည်းထားခဲ့သည့် ကျောက်စိမ်း(၃၆)တုံးကို ပြန်လည်ကြည့်ရှုလိုကြောင်းပြောသဖြင့် တိပ်များဖြည်၍ပြန်စစ်ပြီးနောက် ကျောက်စိမ်းတုံးများကိုယူသွားလိုကြောင်း၊ (၁၅-၁၀-၁၂)နေ့တွင် မပျက်မကွက်ဆက်ဆက်ပေးပါမည်ဟုပြောပြီးသယ်သွားကြောင်း၊ (၁၅-၁၀-၁၂)နေ့တွင် ကျောက်ဖိုးငွေများလာမပေး၍ ၎င်းတို့ထံ တယ်လီဖုန်းဖြင့်ဆက်၍ကျောက်ဖိုးငွေတောင်းခံသော်လည်း လာပေးခြင်းမရှိသောကြောင့်ရွှေဘုန်းရှိန်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ငွေပေးချေနိုင်သည့်ရက်ကို ညှိနှိုင်းကြရာ တရားပြိုင်များက (၂၅-၁၂-၁၂)နေ့တွင် ငွေကျပ်(၇၂၅)သိန်းကိုအကြေပေးချေပါမည်ဟုပြောဆိုခဲ့ကြောင်း၊ စာချုပ်အား

ဖတ်ရှုပြီး ဦးအောင်သူရကိုယ်တိုင် ကျောက်စိမ်း(၃၆)တုံး၊ ငွေကျပ်(၇၂၅)သိန်းနှင့် (၁၅-၁၂-၁၂)ရက်စွဲများကိုလည်းကောင်း၊ ငွေပေးချေရမည့်ရက်ကိုလည်း (၂၅-၁၂-၁၂)နေ့တွင်အကြေပေးချေမည်ဆိုပြီး ဦးအောင်သူရကိုယ်တိုင် စာချုပ်၌ရေးသွင်းပြီးနောက် ဦးထွန်းလှအောင်၊ ဦးအောင်သူရနှင့်တရားလိုတို့မှလက်မှတ်ရေးထိုးခဲ့ကြောင်းဖြင့်ထွက်ဆိုသည်။

အမှတ်(၂)တရားပြိုင်ဦးထွန်းလှအောင်မှထွက်ဆိုရာတွင် ၎င်းသည်လွန်ခဲ့သောနှစ်ပေါင်း(၂၀)ခန့်ကတည်းက ကျောက်ပွဲစားလုပ်ကိုင်သူဖြစ်ကြောင်း၊ ကျောက်ရောင်းသူမှာဦးလှအေးဖြစ်ပြီး ဝယ်သူမှာကိုအောင်သူရဖြစ်ကြောင်း၊ (၁၀-၁၀-၁၁)နေ့က ဦးလှအေးက ကျောက်(၄)လုံးရောင်းရန်ရှိ၍ ၎င်းအားပွဲတိုက်ခိုင်းရာမှ ကိုအောင်သူရအားကျောက်ပြ၍အရောင်းအဝယ်တည့်ခဲ့ကြောင်း၊ ငွေကျပ်သိန်း(၂၀၀)ဖြစ်ကြောင်း၊ ကျောက်(၄)လုံးရောင်းပေးသည့်အတွက် ဦးလှအေးက ပွဲခ(၁၀)သိန်းပေးကြောင်း၊ ကိုအောင်သူရနှင့်ဆက်သွယ်ပေးသူကိုသန်းနိုင်ဆိုသူအား(၅)သိန်းခွဲပေးရကြောင်း၊ (၁၄-၁၀-၁၂)နေ့တွင် ကိုအောင်သူရက ဦးလှအေးထံတွင်ကျောက်များရှိသေးက ဝယ်လိုကြောင်းပြောသဖြင့် ဦးလှအေးထံခေါ်သွားရာ ကျောက်များကိုကြည့်ပြီး စိတ်ကြိုက်ကျောက်(၃၉)လုံးကို သိန်း(၈၅၀)ဖြင့်အရောင်းအဝယ်တည့်ခဲ့ပြီးနောက်တိပ်စည်းခဲ့ကြောင်း၊ ကျောက်များကိုမသိမ်းခင် ဦးလှအေးနေအိမ်ရှိ ကတ္တူစာအုပ်ရှည်တွင် ကျောက်(၃၉)လုံး၊ တန်ဖိုးငွေကျပ်သိန်း(၈၅၀)ဟုရေးမှတ်ပြီး ကိုအောင်သူရမှလက်မှတ်ရေးထိုးပေးခဲ့ခြင်းဖြစ်ကြောင်း၊ ကျန်ငွေကျပ်(၇၂၅)သိန်းသည် ၎င်းနှင့်သက်ဆိုင်ခြင်းမရှိကြောင်း၊ ရယကရုံး၌လက်မှတ်ရေးထိုးရခြင်းမှာ ဦးလှအေးက မင်းဘာမှမဖြစ်စေရဘူးဟုပြောပြီး အတင်းလက်မှတ်ရေးထိုးခိုင်း၍ရေးထိုးပေးခဲ့ရခြင်းသာဖြစ်ကြောင်းချေပထွက်ဆိုသည်။

မူလရုံးအမှုတွဲရှိသက်သေခံ(က) (၁၅-၁၂-၁၂)ရက်စွဲပါ နှစ်ဖက်ဝန်ခံကတိစာချုပ်တွင်ဖော်ပြချက်များအရ ဦးအောင်သူရနှင့်ဦးထွန်းလှအောင်(ခ)ဦးရွှေမန်းတို့မှ ကျောက်စိမ်း(၃၆)လုံးကို တစ်ပါတည်းယူဆောင်သွားပြီးဖြစ်ကြောင်း၊ ငွေ(၇၂၅)သိန်းကို (၁၅-၁၂-၁၂)နေ့တွင်အကြေအလည်ပေးချေပါမည်ဟုဝန်ခံကတိစာချုပ် လက်မှတ်ရေးထိုးပါသည်။ × × × အထက်ဖော်ပြသောစာချုပ်ပါအချက်အလက်များသည် မည်သူတစ်ဦးတစ်ယောက်၏ ခြိမ်းခြောက်ခြင်း၊ အတင်းတိုက်တွန်းခြင်းများမပါရှိဘဲ မိမိတို့၏သဘောဆန္ဒအလျောက်ဝန်ခံကတိစာချုပ်လက်မှတ်ရေးထိုးခြင်းဖြစ်ပါသည်ဟုရေးသားဖော်ပြထားပြီး ဝယ်ယူသူနေရာတွင် အမှတ်(၁)တရားပြိုင်ကိုအောင်သူရနှင့်အမှတ်(၂)တရားပြိုင်ဦးထွန်းလှအောင်(ခ)ရွှေမန်းတို့မှလည်းကောင်း၊ ရောင်းချသူနေရာတွင် မူလရုံးတရားလိုဦးလှအေး(ခ)ဦးလှရွှေမှလက်မှတ်ရေးထိုး၊ လက်ဗွေနှိပ်ကာ အသိသက်သေအဖြစ် ဦးပေါက်စ၊ မခိုင်စန္ဒာဝင်းနှင့် ရွှေဘုန်းရှိန်ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့မှလက်မှတ်ရေးထိုးထားကြောင်းပေါ်ပေါက်သည်။

အယူခံတရားလိုဦးထွန်းလှအောင်မှ ၎င်းအားခြိမ်းခြောက်အကြပ်ကိုင်၍ လက်မှတ်ရေးထိုးရခြင်းဖြစ်ကြောင်းချေပထွက်ဆိုသော်လည်း လက်မှတ်ရေးထိုးစဉ် မည်သူကခြိမ်းခြောက်ကြောင်း၊ မည်ကဲ့သို့ခြိမ်းခြောက်ခြင်းခံရသောကြောင့် သက်သေခံ(က)စာချုပ်တွင် လက်မှတ်ရေးထိုးပေးခဲ့ရကြောင်း တိကျစွာချေပထွက်ဆိုနိုင်ခြင်းမရှိသောကြောင့် သက်သေခံ(က)စာချုပ်သည် ပဋိညာဉ်အက်ဥပဒေပုဒ်မ-၂၃ အရ ပျက်ပြယ်သောစာချုပ်မဟုတ်ကြောင်းမြင်သာသည်။

သက်သေခံ(က)စာချုပ်တွင်ဖော်ပြချက်များအရလည်းကောင်း၊ အယူခံတရားလိုသည် ကျောက်စိမ်းဝယ်ယူသူနေရာ၌ လက်မှတ်ရေးထိုးလက်ဗွေနှိပ်ထားသည်ဖြစ်သောကြောင့် အယူခံတရားလိုဦးထွန်းလှအောင်အပေါ် မူလခရိုင်တရားရုံးမှ တရားလိုထံမှကျောက်စိမ်းဝယ်ယူသူအဖြစ်သုံးသပ်ပြီး အမှတ်(၁)တရားပြိုင်ဦးအောင်သူရနှင့်အတူ ကျောက်စိမ်းဖိုးငွေများအား

(၆)

မူလရုံးတရားလိုထံသို့ပေးဆပ်ရန်တာဝန်ရှိကြောင်း ချမှတ်ခဲ့သည့်အမိန့်သည် ဥပဒေအရမှားယွင်းမှု မရှိသောကြောင့် အယူခံရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ရန်အကြောင်းပေါ်ပေါက်မည်မဟုတ်ပေ။

ထို့ကြောင့်မန္တလေးခရိုင်တရားရုံး၊ ၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၂၆ တွင် (၉-၃-၁၆)ရက်နေ့စွဲပါအမှတ်(၂)တရားပြိုင်ဦးထွန်းလှအောင်အပေါ် ချမှတ်သည့်စီရင်ချက်နှင့်ဒီကရီ အားအတည်ပြု၍ ဤတရားမပထမအယူခံမှုကို စရိတ်နှင့်တကွပလပ်သည်။

ရှေ့နေခ (၁၀၀၀)ကျပ်သတ်မှတ်သည်။

( ခင်သင်းဝေ )
တရားသူကြီး
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်